လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ February 2024

# အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ (Regional Workshop to Strengthen Capacity of National Mechanism for the Advancement of Women in AMS) ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်** **နေပြည်တော်**

အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို (၂၀-၂-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာန စုပေါင်းခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး ASEAN Committee on Women (ACW) ဥက္ကဋ္ဌ ကိုယ်စား မလေးရှားနိုင်ငံ၊ Ministry of Women, Family and Community Development မှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Chua Choon Hwa က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများဖြစ်သော ASEAN Confederation of Women's Organisations - ACWO (Myanmar)၊ ASEAN Women Entrepreneurs Network (AWEN) နှင့် AFXB (Myanmar) တို့မှ ကိုယ်စားလှယ်များက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာယန္တရားများ ခိုင်မာအားကောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် အကျိုးရလဒ်များကို ဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက်တွင် ကဏ္ဍစုံ၌ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ မဏ္ဍိုင် (၃) ရပ်အောက်ရှိ အဓိကတာဝန်ယူ ဆောင်ရွက်နေကြသော နိုင်ငံခြားရေးဝန်ကြီးဌာန(APSC)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (AEC)နှင့် ကျန်းမာရေးဝန်ကြီးဌာန (ASCC) တို့၏ ကိုယ်စားလှယ်များမှ ကျား၊ မ တန်းတူညီမျှမှု ပိုမို တိုးတက်လာစေရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြပါသည်။

## မိုဘိုင်းပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တားဆီးရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်** **နေပြည်တော်**

မိုဘိုင်းပေးချေမှု လမ်းကြောင်းများမှ တစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေးပွဲကို (၁-၂-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကာလတွင် Mobile Banking ၊ Mobile Pay များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေလာပါကြောင်း၊ ကောင်းကျိုးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း မသမာသူများက Online မှတစ်ဆင့် နည်းအမျိုးမျိုးဖြင့် အမြတ်ထုတ်မှုများ၊ လိမ်လည်မှုများ ပြုလုပ်လာပါကြောင်း၊အဓိကအားဖြင့် နည်းပညာပိုင်းဆိုင်ရာ မသိနားမလည်မှုနှင့် လောဘစိတ်များကြောင့် အလွယ်တကူ ချည်းကပ် လိမ်လည်မှုများ ပြုလုပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ အယုံသွင်းမှု၊ မက်လုံးပေးမှုများရှိကြောင်း၊ ယခုပြဿနာများသည် မြန်မာနိုင်ငံ၌ သာမက နိုင်ငံတကာ၌လည်း ရင်ဆိုင်နေရသည့် ပြဿနာများဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် Online လိမ်လည်မှုနည်းလမ်းများ၊ ဖြစ်စဉ်များကို အစဉ်အမြဲလေ့လာသိရှိနေရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းသော်လည်းကောင်း၊ ဌာန၏ ငွေကြေးကိုင်တွယ်သုံးစွဲမှုများနှင့် စပ်လျဉ်း၍လည်းကောင်း Online လိမ်လည်မှုများ မခံရစေရေး သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို (၁၆-၂-၂၀၂၄)ရက်နေ့တွင် ဝန်ကြီးဌာနစုပေါင်းအစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာအစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုမှုအရ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက် အကောင်အထည်ဖော်မှု တတိယသက်တမ်းကို (၁၀.၁၁.၂၀၂၃) ရက်နေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုသက်တမ်း(၂)ကြိမ်ကာလအတွင်း အမျိုးသားအဆင့် ကော်မတီ အစည်းအဝေး (၅) ကြိမ်ခေါ်ယူခဲ့ပါကြောင်း၊ ၂၀၂၃ခုနှစ်၊ဩဂုတ်လအတွင်း အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်အတူ လုပ်ငန်းတာဝန်များကိုလည်း အနည်းငယ်ပြင်ဆင်ခဲ့ပါကြောင်း၊ ယင်းတာဝန်များတွင် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူများ လက်လှမ်းမီသိရှိရေး အသိပညာပေးခြင်း စီစဉ်ဆောင်ရွက်ရန်" ဆိုသည့် လုပ်ငန်းတာဝန်တစ်ခု ပါဝင်သည်နှင့်အညီ ပြည်သူများ သိရှိနားလည်ပြီးတိုင်ကြား နိုင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များကို ယခုထက်ပိုမို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် အမျိုးသမီး ကော်မတီများ၏လုပ်ငန်းတာဝန်များတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေး (Conflict Related Sexual Violence-CRSV) လုပ်ငန်းတာဝန်ကို ထည့်သွင်းဆောင်ရွက်နေပြီဖြစ်ပါ ကြောင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင်

တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှု ယန္တရားကို ပြည်သူအများသိရှိစေရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအတွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယသက်တမ်း၏ ဒုတိယ (၆) လပတ် ကာလ ဖြစ်သည့် (၁၀.၅.၂၀၂၃) ရက်နေ့မှ (၁၀.၁၁.၂၀၂၃) ရက်နေ့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြရေးအတွက် ရေးသားပြုစုလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ရေးသားထားရှိသည့် အစီရင်ခံစာအပေါ်လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်အတည်ပြုရေးလမ်းညွှန်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃) ၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ (၁၅.၁.၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၄)၏ ဆုံးဖြတ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

## မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များအပေါ် သိမြင်နားလည်မှု စွမ်းဆောင်ရည် မြှင့်တင်ခြင်း (Capacity Building Training for Forecast Translation) သင်တန်းဖွင့်လှစ်ခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များအပေါ်သိမြင်နားလည်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building Training for Forecast Translation) သင်တန်းကို (၂၁-၂-၂၀၂၄) ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တပြေးညီ သဘာဝဘေးကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်းကို ဆောင်ရွက်နေပါကြောင်း၊ ထုတ်ပြန်လိုက်သည့် ကြိုတင်သတိပေးချက်များကို သဘာဝဘေးနှင့် ပတ်သက်ပြီး စီမံခန့်ခွဲသူများ၊ အမှန်တကယ်အသုံးပြုသူများက ကောင်းမွန်စွာနားလည်ပြီး ထိရောက်စွာ တုံ့ပြန်နိုင်ရေးအတွက် အသုံးချနိုင်ရန် အလွန်အရေးပါသည့်အတွက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့သည် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

## Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာ အသိပညာပေးဟောပြောပွဲကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်** **နေပြည်တော်**

Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို (၂၂-၂-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာ ဝန်ထမ်းများအနေဖြင့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်ပြီး တိုးတက်ပြောင်းလဲလာနေသော နည်းပညာများကို လိုက်ပါသိရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်များ ကောင်းမွန်လာစေရန် ရည်ရွယ်၍ နည်းပညာဟောပြောပွဲကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ဒေါက်တာတင်ဘုန်းကျော်က စက်မှုတော်လှန်ရေးမှသည် ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာ အပါအဝင် AI နည်းပညာ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှု၊ နည်းပညာကြောင့် ရရှိခံစားရနိုင်သည့် ကောင်းကျိုးများနှင့် ဘေးထွက်ဆိုးကျိုးများ၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိလာမှု၊ အနာဂတ်တွင် လူသားထုအပေါ် နည်းပညာ၏ လွှမ်းမိုးလာနိုင်မှုများစသည်တို့နှင့်စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကိုဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာသည့် အရာထမ်း၊

အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

## (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်** **ရန်ကုန်မြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ Park Royal Hotel ၌ (၂၈-၂-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကားပြောကြားရာတွင် လူကုန်ကူးခြင်းပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်းမရသည့် ရှုပ်ထွေးသောကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ခု ဖြစ်ပါကြောင်း၊ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ နေရပ်ပြန်လည်ပို့ဆောင်ရေး၊ တရားမျှတမှုရရှိရေးနှင့် ရေရှည်တည်တံ့သော ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးတို့အတွက် နိုင်ငံဖြတ်ကျော်ပူးပေါင်း ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်းနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် MS. Sara Binyoh က အမှာစကားပြောကြားရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် MoU လက်မှတ်ရေးထိုးခြင်း မပြုမီကာလကတည်းက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ MoU အား လက်မှတ်ရေးထိုးပြီးနောက် ပူးပေါင်းဆောင်ရွက်မှုအား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၎င်းအပြင်

လူကုန်ကူးခြင်းခံရသူများအား ထိုင်းနိုင်ငံအစိုးအနေဖြင့် ဥပဒေ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့်အညီ ကြည့်ရှုစောင့်ရှောက်ထားလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် (၂၉) ကြိမ်မြောက် မြန်မာ - ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးအား နှစ်နိုင်ငံကိုယ်စားလှယ် ခေါင်းဆောင်များ ဦးဆောင်၍ ဆက်လက်ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၃)ချက်အား အတည်ပြုနိုင်ခဲ့ပါသည်။

## ASEAN-IPR ကဆောင်ရွက်မည့် Initial Draft Research Framework of ASEAN-IPR Women in Peace Processes Programme အပေါ်သဘောထားမှတ်ချက် ပြန်ကြားနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်** **နေပြည်တော်**

ASEAN-IPR ကဆောင်ရွက်မည့် Initial Draft Research Framework of ASEAN-IPR Women in Peace Processes Programme အပေါ် သဘောထားမှတ်ချက်ပြန်ကြားနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့၊ နေ့လယ် ၁၃း၀၀ နာရီအချိန်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာအဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်မှတ်ပုံတင်ကဏ္ဍ(ASEAN Women for Peace and Registry-AWPR) အဖွဲ့ဝင်များဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အဖွဲ့ဝင် ဒေါ်လဲ့လဲ့သိန်း၊ ငြိမ်းချမ်းရေးနှင့် နီးနွယ်ဆက်စပ်သည့် ဌာနဆိုင်ရာ/အဖွဲ့အစည်းများဖြစ်သော အာဆီယံရေးရာဦးစီးဌာန၊ ပြည်ထောင်စုအဆင့် အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။

## မန္တလေးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၇/၂၃-၂၄)သင်တန်းဆင်းပွဲ

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်** **မန္တလေးတိုင်းဒေသကြီး**



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ မန္တလေးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၇/၂၃-၂၄) ကို (၈-၁-၂၀၂၄)ရက်နေ့မှ (၁၆-၂-၂၀၂၄)ရက်နေ့အထိ (၁)လခွဲကြာ သင်တန်းကို အခြေခံအဆင့်တွင် မ(၁၇)ဦး၊ အဆင့်မြင့်အဆင့်တွင်ကျား(၂)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်းသင်တန်းသား (၃၉)ဦးဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

## မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်** **မန္တလေးတိုင်းဒေသကြီး**




မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးကြီးကြပ်မှုအောက်ရှိ ဌာနငယ်/ သင်တန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများတွင် (၁၃.၂.၂၀၂၄)ရက်နေ့တွင် ကျရောက်သောမြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်လုပ်ရှားမှုအဖြစ် မန္တလေးကလေးပြုစုရေးဌာနမှ (၄၅)ဦး၊ မန္တလေးလူငယ်သင်တန်းကျောင်းမှ(၃၇၀)ဦး၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ(၈၁)ဦး၊ အမှတ်(၂) မူလတန်းကြိုကျောင်း (မန္တလေး) မှ (၃၅၀) ဦး မြင်းခြံမူလတန်းကြိုကျောင်းနှင့် ရုံးစည်ကြီးမူလတန်းကြိုကျောင်းမှ(၂၀၀)ဦးနှင့် ရမည်းသင်းမူလတန်းကြိုကျောင်းမှကလေး(၈၀)ဦးတို့ဖြင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့ပါသည်။

## ထားဝယ်မြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ ကျောင်းအခြေပြု စက်ချုပ်သင်တန်း ဆင်းပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်** **တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် ကျောင်းအခြေပြု စက်ချုပ်သင်တန်း (၇/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၁၈) ရက်နေ့ နံနက်(၁၀:၀၀) နာရီအချိန်တွင် ထားဝယ်မြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူးမှ သင်တန်းသူများအနေဖြင့် သင်တန်းမှ ရရှိသော ပညာရပ်များကို အမျိုးသမီးများ၏ဘဝရပ်တည်မှု၊ ကိုယ်ပိုင်ဝင်ငွေ၊ မိသားစုဝင်ငွေများကို တစ်ပိုင်တစ်နိုင် ရရှိမှုတွင် အထောက်အကူပြုမှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းရှာဖွေနေသူများအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့ပါသည်။ ထို့နောက် သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက သင်တန်းသူများ ချုပ်လုပ်ထားသောဝတ်စုံများအား လိုက်လံကြည့်ရှု အားပေးခဲ့ကြပါသည်။



## မြိတ်မြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၏(၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်** **တနင်္သာရီတိုင်းဒေသကြီး**



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊

အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၏ (၃၁)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို (၁၈.၂.၂၀၂၄) ရက်နေ့၊ နံနက် (၀၉:၀၀)နာရီအချိန်တွင် အဆိုပါကျောင်းခန်းမ၌သံဃာတော်များ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး ကျောင်းသူများမှ အကများဖြင့် ဖျော်ဖြေ တင်ဆက်၍ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များအား နေ့လည်စာဧည့်ခံကျွေးမွေးခဲ့ပါသည်။

## မြိတ်ခရိုင်အမျိုးသမီးကော်မတီ၏ အသိပညာပေးဆောင်ရွက်မှု

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်** **တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်လူမှုဝန်ထမ်းရုံးမှ (၂၁.၂.၂၀၂၄)ရက်နေ့ နံနက်(၀၉:၃၀)နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် အခြေခံ/အဆင့်မြင့် စက်ချုပ်သင်တန်းသူများအား အမျိုးသမီးများအခွင့်အရေး၊ ကျားမအခြေပြုအကြမ်းဖက်မှု (GVB) အသိပညာပေးဟောပြောခဲ့ပါသည်။

ထိုနေ့ မွန်းလွဲ(၂:၀၀)နာရီတွင်မြိတ်ခရိုင်အမျိုးသမီး ကော်မတီဝင်များ ပူးပေါင်း၍ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ရွာရှိ ပြည်သူများအား ကျားမအခြေပြုအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့်ကျန်းမာရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ဖုန်းသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် အားသာချက်၊ အားနည်းချက်များအား ကော်မတီဝင်ဌာနဆိုင်ရာများနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက အသိပညာပေး ဟောပြောခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း

(၁-၂-၂၀၂၄) ရက်နေ့တွင် ပုလောမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေဝတီတိုင်းဒေသကြီး၊ ပုလောမြို့နယ်ရှိ အ.မ.က(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား/သူ (၂၀၀) ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ဘောပင်နှင့် ခဲတံများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၂-၂-၂၀၂၄) ရက်နေ့တွင် ပုလောမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူ (၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ဘောပင်နှင့် ခဲတံများဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




(၆-၂-၂၀၂၄)ရက်နေ့တွင် နွားထိုးကြီးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ Community Centre ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



(၈-၂-၂၀၂၄) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သရက်တစ်ပင်ကျေးရွာအုပ်စု၊ သရက်တစ်ပင် (အ.ထ.က)ကျောင်း၌ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူ (၁၂၀)ဦးခန့်အား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ဘောပင်နှင့် ခဲတံများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ (၁၄-၂-၂၀၂၄) ရက်နေ့တွင် ဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံ (မြို့နယ်အဆင့်) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို ဥတ္တရသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် သင်တန်းသား/သူ စုစုပေါင်း (၆၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၉-၂-၂၀၂၄) ရက်နေ့တွင် လယ်ဝေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံ (မြို့နယ်အဆင့်) သင်တန်းအမှတ်စဉ် (၂/၂၀၂၄) ကို ဖွင့်လှစ်ခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများအား ရှင်းလင်း ပြောကြားခြင်းနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပရဟိတအသင်းများမှသင်တန်းသား/သူ စုစုပေါင်း (၃၀) ဦးတို့ တက်ရောက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မီးဘေးထောက်ပံ့မှုများ

(၂-၂-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလောက်မြို့၊ အမှတ် (၁) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၀,၅၀၀/-)တို့ကို(၅-၂-၂၀၂၄) ရက်နေ့တွင် ပုလောမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၄-၂-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊အုတ်ဖိုမြို့နယ်၊ ရွာတောကျေးရွာအုပ်စု၊ စိန်ချောင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦး အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၆-၂-၂၀၂၄) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၅-၂-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးသွားသည့်ဆိုင်ခန်း (၆) ခန်းအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) နှင့် သေဆုံးလူဦးရေ (၃) ဦးအတွက် ထောက်ပံ့ငွေကျပ်(၉၀၀,၀၀၀/-)တို့ကို(၆-၂-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်

ထောက်ပံ့ခဲ့ပါသည်။



(၅-၂-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြိမ်ကုန်းကြီးကျေးရွာအုပ်စု၊ ပေချောင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေ အိမ် (၇) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃၃)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၉,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၆-၂-၂၀၂၄) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၇-၂-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ တက်ရိုန်းကျေးရွာအုပ်စု၊ တက်သိမ်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၁,၅၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၉-၂-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၈-၂-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အင်းလျာကုန်းအုပ်စု၊ အင်လျားကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၁)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၈-၂-၂၀၂၄) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၉-၂-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၃) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာ

ဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း(၁၅)မျိုးတို့ကို (၉-၂-၂၀၂၄)ရက်နေ့တွင် မန္တလေး တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။

(၁၁-၂-၂၀၂၄)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊မြိတ်မြို့နယ်၊မြိတ်တောင်ရပ်ကွက်၊ ဇေယျာသီရိ (၄) ရပ်၊ အောင်သပြေလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၆)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၈၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၃၅)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၇၃,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၂-၂-၂၀၂၄)ရက်နေ့ တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၁၄-၂-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အင်္ဂရမ်းအုပ်စု၊ မအူကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၂)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၆,၈၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၁၅-၂-၂၀၂၄)ရက်နေ့တွင် ဟင်္သာတခရိုင်ဦးစီးမှူးရုံး မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၄-၂-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ သော်မှော်ကုန်းကျေးရွာအုပ်စု၊ သော်မှော်ကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၅)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၀,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၁၅-၂-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ပေးခဲ့ပါသည်။



(၁၆-၂-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဠ)ရပ်ကွက်၊ ကံကြီးကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံး၀ ပျက်စီးလူနေအိမ် (၂၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂,၂၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ

(၁၃၉)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉၁,၉၀၀ိ/-) နှင့် ကယ်ဆယ် ရေးပစ္စည်း (၁၅) မျိုးတို့ကို (၁၉-၂-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၂-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ထိန်တောကြီးအုပ်စု၊ဇီးကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၃) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၇)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၄,၇၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၆-၂-၂၀၂၄) ရက်နေ့တွင် ဟင်္သာတခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၆-၂-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ စာနီစုကျေးရွာအုပ်စု၊ စာနီစုကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး လူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၃၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၈,၄၀၀ိ/-)နှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၂၀-၂-၂၀၂၄) ရက်နေ့တွင် မင်းလှ မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၂-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တောင်ညိုကျေးရွာအုပ်စု၊ အောင်ချမ်းသိမ်း ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာ ဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း(၁၇)မျိုးတို့ကို (၁၆-၂-၂၀၂၄)ရက်နေ့တွင် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ပေးခဲ့ပါသည်။



(၁၆-၂-၂၀၂၄)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ တုံးဗျောကျေးရွာအုပ်စု၊ မွေ့ရှောင်ကျေးရွာ၊ ချောင်းဝကျေးရွာနှင့် ချောင်းဝပြင် ကျေးရွာတို့၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၂၁) ဦးအတွက်

ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၄၄,၁၀၀ိ/-)နှင့်ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၇-၂-၂၀၂၄) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၇-၂-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဖူးကျေးရွာအုပ်စု၊ သာစည်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀ိ/-)၊ သေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၉-၂-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၀-၂-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးကျေးရွာအုပ်စု၊ သစ်ဆုံကြီးကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူ နေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈,၄၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၂၁-၂-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၁-၂-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မြိုင်သာယာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၅၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၂၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၆,၂၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၂၅-၂-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၁-၂-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ကမ္ဘကျေးရွာအုပ်စု၊ သနပ်ပင်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၁၀)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁,၀၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၂၃-၂-၂၀၂၄)ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၂-၂-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာကျေးရွာအုပ်စု၊ နတ်စိမ်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၆၇,၅၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၃) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၇,၃၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၃-၂-၂၀၂၄) ရက်နေ့တွင်

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လေဘေးထောက်ပံ့မှုများ



(၁-၂-၂၀၂၃)ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နေပြည်တော်တိုင်း၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာနှင့် ကွမ်းတောကျေးရွာတို့၌ လေပြင်းဘေးကြိုတင်ကာကွယ်နိုင်ရန်နှင့် အန္တရာယ်ကျရောက်မှု လျော့နည်းစေရန် ရည်ရွယ်၍ အမှီအခိုကင်းသည့်သက်ကြီးရွယ်အိုများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှနေအိမ်များနှင့် လိုအပ်သောနေအိမ်များအား ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရန် အတွက် ဝါး၊ ထရံ၊ သွပ် အစရှိသည်များကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လေပြင်းဘေးကြိုတင်ကာကွယ်ရေး အစည်းအဝေးပြုလုပ်ခြင်း

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃-၂-၂၀၂၄) ရက်နေ့တွင် လေပြင်းဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ လေပြင်းဘေးကြိုတင် ကာကွယ်ရေး အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။



## “English Skills Proficiency Development” သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်** **နေပြည်တော်**

ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသော အရာထမ်းများအနေဖြင့် နိုင်ငံတကာစံနှုန်းများအား သိရှိမှတ်သားနိုင်ရေးနှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ လုပ်ငန်းခွင်တွင် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့် အင်္ဂလိပ်စာရေးသားရာတွင် သဒ္ဒါအသုံးအနှုန်းများကို မှန်ကန်စွာ အသုံးချတတ်စေရန် ရည်ရွယ်၍ အင်္ဂလိပ်စာ

အရည်အသွေး ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း (English Skills Proficiency Develpoment) ကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့မှ (၇)ရက်နေ့အထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။




## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် (၃) ဘီလီယံနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်** **နေပြည်တော်**




(၉-၂-၂၀၂၄) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကျပ် (၃) ဘီလီယံနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

## (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်** **နေပြည်တော်**




(၂၉)ကြိမ်မြောက်မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့၏အကြိုညှိနှိုင်းအစည်းအဝေးကို (၂၀.၂.၂၀၂၄)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီအချိန်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊အစည်းအဝေးခန်းမတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Case Management Meeting များကို ၂၀၀၈ ခုနှစ်က စတင်ကျင်းပခဲ့ရာ (၂၉)ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ အစည်းအဝေး

ကို လူကုန်ကူးခံရသူများအား တိုက်ရိုက်အကူအညီပေးနေသော ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအတွက် ထိုင်းနိုင်ငံဂေဟာများတွင် နေထိုင်စဉ်ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း၊ လုံခြုံပြီးသိက္ခာရှိသည့် ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းစသည့် လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများကို နှစ်နိုင်ငံပူးပေါင်း၍ နည်းလမ်းကောင်းများ ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း၊ ထို့ပြင်၂၀၀၉ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-ထိုင်း လူကုန်ကူးမှု တိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာတွင် ပါရှိသည့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင်လည်း မြန်မာကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပေးစေရန် ပြောကြားခဲ့ပါသည်။

တက်ရောက်လာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက လူကုန်ကူးခံရသူများအပေါ် ၎င်းတို့ ဌာနများ၏ဆောင်ရွက်မှုအခြေအနေများနှင့် (၂၉)ကြိမ်မြောက် Case Management Meeting တွင် ဆွေးနွေးမည့်အချက်များကိုတက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် (၃၀) ဦးတက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။



# ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းနှင့် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနများသို့ ကြည့်ရှုစစ်ဆေးခြင်း




**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် (၂၈-၂-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်သင်တန်းကျောင်းသို့သွားရောက်ခဲ့ပြီးကျောင်းတွင် လက်ခံစောင့်ရှောက်ထားသော အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း မျက်မမြင်ကျောင်းသား/သူ (၁၁၁) ဦးအား မျက်မမြင်လက်စမ်းစာ (Braille Letter)ဖြင့် မူလတန်းပညာရေးကို ကျောင်းတွင်းပညာရေးအဖြစ် သင်ကြားပေးနေမှုများ၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရပ်များကို Inclusive Education ဖြင့် ပညာရေးဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသော ကျောင်းများတွင် ဆက်လက်သင်ကြားပေးနေမှုများ၊ ကျောင်းတွင်း/ ကျောင်းပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများ၊ Japan Heart အဖွဲ့နှင့်ပူးပေါင်း၍ တစ်နှစ်သင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးသည့် ဂျပန်နည်းစနစ်ဆိုင်ရာ ဆေးပညာအကြောပြင် အနှိပ်သင်တန်း လက်တွေ့သင်ကြားပို့ချနေမှုများ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ အကြောပြင်အနှိပ်သင်တန်း(၂)နှစ် သင်ကြားပို့ချနေမှုများ၊ ဆက်တီခုံကြိမ်ထိုးခြင်း၊ မျက်မမြင်စစ်တုရင် သင်ကြားနေခြင်းနှင့် Goal Ball အားကစားနည်းလေ့ကျင့်နေခြင်း၊ ပလတ်စတစ်ခြင်း ယက်လုပ်ခြင်းတို့ကိုကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်လမ်းရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ သွားရောက်၍ စောင့်ရှောက်ထားရှိသော ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။